Message Four

# ဘုရား၏လူမျိုးတော်သည် သခင်ဘုရား၏လမ်းညွှန်မှုကို ရှာဖွေရန်နှင့် သခင်ဘုရား၏ မျက်မှောက်တော်ရှိရန် လိုအပ်ခြင်းမှာ ကိုယ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ကို ပျံ့နှံ့စေခြင်းအတွက် ကိုယ်တော်၏ အောင်မြင်ခြင်းကို ပြသရန်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။   ။ မ၊၁း၅။ ယောရှု၊၆း၂၂-၂၆။ ၇း၁-၆၊ ၁၀-၁၅၊ ၂၀-၂၁။ ၉း၁၄

**I. သူလျှိုနှစ်ဦးသည် ယေရိခေါမြို့သို့ ရောက်လာသောအခါ ရာခပ် (ပြည့်တန်ဆာနှင့် ခါနန်အမျိုးဖြစ်သူ) သည် သူတို့ကို ဆက်သွယ်ခဲ့ကာ၊ သူတို့ကို လက်ခံရန်၊ သူတို့ကို ဝှက်ထားပေးရန်၊ သူတို့ကို လွတ်မြောက်စေရန် လိုလားဆန္ဒရှိခဲ့ပြီး၊ ယင်းမှာ သူမ၏ယုံကြည်ခြင်းမှ ထွက်ပေါ်လာသည့် အပြုအမူများဖြစ်သည် (ယောရှု၊၂း၁ခ-၇၊ ၁၅-၁၆၊ ၂၂။ ယာ၊၂း၂၅)။ သူမသည် အစ္စရေး၏ဘုရားသခင်၌ ယုံကြည်ကာ၊ "သင်တို့၏ဘုရားသခင် ယေဟောဝါ၊ ကိုယ်တော်သည် အထက်ကောင်းကင်၌လည်းကောင်း၊ အောက်အရပ် မြေကြီး၌လည်းကောင်း၊ အစိုးရသော ဘုရားသခင် ဖြစ်တော်မူ၏" ဟု ကြွေးကြော်ခဲ့သည် (ယောရှု၊၂း၁၁ခ)။**

A. ယေဟောဝါက ပြည့်တန်ဆာရာခပ်ကို ပြင်ဆင်ထားခြင်းမှာ ယောရှုသည် မြေကို ရယူသိမ်းပိုက်နိုင်ရန်အတွက် ဖြစ်သည်။ သူမသည် ဘုရားသခင်၌ ယုံကြည်ခြင်းကြောင့် "မနာခံသောသူတို့နှင့်အတူ မပျက်စီးဘဲ" ရှိခဲ့သည် (ဟေဗြဲ၊၁၁း၃၁)။ သူမသည် အစ္စရေးနှင့် သူတို့၏ဘုရားသခင်ထံသို့ လှည့်ပြန်ကာ၊ ကိုယ်တော်နှင့် ကိုယ်တော်လူမျိုးတော်၌ စိတ်ချကိုးစားခဲ့သည် (ယောရှု၊၂း၁၂-၁၃)။

B. ရာခပ်နှင့် သူမ၏အိမ်ထောင်စုအဖို့ ကယ်တင်ခံရရန် အမှတ်အသားမှာ သူမ၏အိမ် ပြတင်းတံခါး၌ ကြိုးနီးကို ဆွဲထားခြင်းဖြစ်သည် (အငယ်၊၁၈၊ ၂၁)။ ပြတင်းပေါက်၌ ဆွဲထားသည့် ကြိုးနီးသည် ခရစ်တော်၏ ရွေးနုတ်ခြင်းအသွေးတော်ကို ပွင့်လင်းစွာ ဝန်ခံခြင်းအား ပုံဆောင်သည် (၁ပေ၊၁း၁၈-၁၉)။ သူမသည် ဤအမှတ်အသားအားဖြင့် သူမနှင့် သူမ၏အိမ်ထောင်မိသားစုသည် ကယ်လွှတ်ခံရမည်ဖြစ်ကြောင်း ယုံကြည်ခဲ့သည်။

C. ရာခပ်သည် အပြစ်စီရင်ခံရသော ခါနန်အမျိုးနှင့် ယေရိခေါမြို့ရှိ ပြည့်တန်ဆာဖြစ်ကာ (ယောရှု၊၂း၁)၊ ဘုရားသခင်အားဖြင့် ထာဝရတိုင် ကျိန်ခြင်းခံရသောနေရာမှ ဖြစ်ခဲ့သော်လည်း (၆း၂၆)၊ သူမသည် ဘုရားသခင်ထံသို့လည်းကောင်း၊ ဘုရားသခင့်လူမျိုးတော်ထံသို့လည်းကောင်း လှည့်ပြန်လာပြီးနောက် (အငယ်၊၂၂-၂၅။ ဟေဗြဲ၊၁၁း၃၀-၃၁)၊ သူမသည် စာလမုန် (မ၊၁း၅) တည်းဟူသော အစ္စရေး၏ ဦးဆောင်သောမျိုးနွယ်ဖြစ်သည့် ယုဒခေါင်းဆောင်၏သား (၁ရာ၊၂း၁၀-၁၁) ကို လက်ထပ်ခဲ့သည် ၊ ထိုသူသည် သူလျှိုနှစ်ဦးထဲက တစ်ဦးဖြစ်နိုင်သည်။ ထိုနောက် သူမသည် ဘုရားဝတ်မွေ့လျော်သောသူ ဗောဇကို ဖွားမြင်ခဲ့ကာ၊ ထိုသူထဲမှ ခရစ်တော် ဆင်းသက်လာခဲ့ပြီး၊ သူမသည် ဘုရားသခင်၏ ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ခရစ်တော်နှင့်အတူ ကိုယ်တော်၏ လူ့ဇာတိခံခြင်း၌ ပါဝင်ဆက်နွယ်သောသူဖြစ်လာခဲ့သည် (မ၊၁း၅)။

D. ဤသည်မှာ ကျွန်ုပ်တို့၏နောက်ကြောင်း မည်သို့ရှိပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏လူများထံ လှည့်ပြန်လာပြီး၊ ဘုရားသခင့်လူများအလယ် မှန်ကန်သင့်လျော်သည့် ပုဂ္ဂိုလ်ထံ (ရုပ်ပိုင်းဆိုင်ရာအမြင်၌မဟုတ်ဘဲ၊ ဝိညာဉ်ပိုင်းဆိုင်ရာအမြင်၌) ပေါင်းစည်းဆက်နွယ်ခြင်းရှိမည်ဆိုလျှင် ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်သည့်အသီးကို သီးကာ၊ ခရစ်တော်၏ သားဦးအရိုက်အရာကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ပါဝင်ဆက်ဆံနိုင်မည်ဖြစ်သည် - ထွ၊၂၄း၁၃။ ၃၃း၁၁။ စာရင်း၊၂၇း၁၈။ တရား၊ ၃၄း၉။ ယောရှု၊၁း၁။ ၂ဘုရင်၊၂း၂-၁၅။ ဖိ၊၂း၁၉-၂၃။ ၁ကော၊၄း၁၇။

**II. ယေရိခေါမြို့ကို ဖျက်ဆီးခြင်းပြီးနောက် အစ္စရေးလူတို့သည် အာဣမြို့တွင် ရှုံးနိမ့်ခဲ့ကြသည်။ ယေရိခေါမြို့၌ ဘုရားသခင်၏စီမံကိန်းအရ ယောရှုသည် သူလျှိုများကို စေလွှတ်ခြင်းမှာ တိုက်ခိုက်ရန်အတွက်မဟုတ်ဘဲ၊ ရာခပ်ကို ရယူဖို့ရန်အတွက်ဖြစ်သည်။ သို့သော် အာဣမြို့၌ အစ္စရေးလူတို့သည် သခင်ဘုရား၏မျက်မှောက်တော် ဆုံးရှုံးခဲ့ကြသောကြောင့် (ယောရှု၊၇း၁၂) ယောရှုသည် တိုက်ခိုက်ခြင်းအတွက် သူလျှိုများကို စေလွှတ်ခဲ့လေသည် (အငယ်၊၂-၃)။**

A. အာဠ္ဌမြို့နှင့်စပ်လျဉ်း၍ ယောရှုထံသို့ သူလျှိုများ၏ သတင်းပြန်ကြားချက်မှာ အစ္စရေးလူတို့သည် ဘုရားသခင်ကို ဘေးဖယ်ထားကြောင်း ရည်ညွှန်းနေသည်။ အာဠ္ဌမြို့ကို သူတို့ မည်သို့ပြုသင့်ကြောင်း ဘုရားသခင်ကို မေးမြန်းရမည့်အစား၊ သူတို့သည် ဘုရားသခင်ကို မေ့လိုက်ကြပြီး၊ မိမိတို့အတွက်ကိုသာ ဂရုစိုက်ကြသည်။ ထိုအချိန်တွင် သူတို့သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝမရှိကြဘဲ၊ မိမိတို့ကိုယ်ပိုင် ပြုမူကြကာ၊ သခင်ဘုရား၏ လမ်းညွှန်မှုကို ရှာဖွေခြင်းမရှိ၊ သခင်ဘုရား၏မျက်မှောက်တော်လည်း မရှိဘဲ ဖြစ်ခဲ့ကြသည်။ အစ္စရေးသည် သူတို့၏အပြစ်ကြောင့် ဘုရားသခင်ထံမှ ခွဲခြားခံခဲ့ရသည် - အငယ်၊၁-၅၊ ၁၂။

1. အာဠ္ဌမြို့၌ အစ္စရေးတို့၏ ရှုံးနိမ့်ရခြင်း လျှို့ဝှက်ချက်မှာ သူတို့သည် ဘုရားသခင်၏မျက်မှောက်တော် ဆုံးရှုံးခဲ့ကြပြီး၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း မရှိတော့ခြင်း ဖြစ်သည်။ ဤရှုံးနိမ့်မှုပြီးနောက် ယောရှုသည် သေတ္တာတော်ရှေ့၌ သခင်ဘုရားနှင့်အတူ နေထိုင်ခြင်း သင်ခန်းစာကို သင်ယူခဲ့သည် (အငယ်၊၆)။ နောက်ဆုံးတွင် သခင်ဘုရားသည် သူ့ထံသို့ လာ၍ စကားပြောကာ၊ မည်သို့ပြုရမည်ကို သူ့အား ပြောပြခဲ့သည် (အငယ်၊၁၀-၁၅)။
2. ဤအကြောင်းအရာမှ သင်ယူရမည့် ဝိညာဉ်ရေးရာသင်ခန်းစာမှာ ဘုရားသခင်၏လူများဖြစ်သည့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘုရားသခင်နှင့် အမြဲတမ်း တစ်လုံးတစ်ဝဖြစ်သင့်သည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အလယ်၌ရှိရုံသာမက၊ ကျွန်ုပ်တို့၌လည်း ရှိနေကာ၊ ကျွန်ုပ်တို့ကို ဘုရားနှင့်အတူရှိသောလူများ - ဘုရား-လူများ ဖြစ်စေသည်။
3. ဘုရား-လူများအဖြစ် ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၊ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းခြင်း၊ ကိုယ်တော်နှင့်အတူ အသက်ရှင်ခြင်းနှင့် ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ထားရှိခြင်းအား လက်တွေ့လုပ်ဆောင်သင့်သည်။ ဤသည်မှာ ခရစ်ယာန်တစ်ဦးအဖြစ် လျှောက်ရမည့်လမ်း၊ ဘုရားသခင်၏သားအဖြစ် တိုက်ခိုက်ခြင်းနှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း နည်းလမ်းဖြစ်သည်။
4. သခင်ဘုရား၏မျက်မှောက်တော် ရှိပါက ကျွန်ုပ်တို့၌ ပညာ၊ ထိုးထွင်းသိမြင်မှု၊ အမြော်အမြင်နှင့် အရာများနှင့်စပ်လျဉ်း၍ အတွင်းပိုင်း အသိပညာ ရရှိကြမည်ဖြစ်သည်။ သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်သည် - ၂ကော၊၂း၁၀။ ၄း၆-၇။ ဂလ၊၅း၂၅။ က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။

B. ကျွန်ုပ်တို့သည် ကောင်းသောမြေ၏ စစ်မှန်ခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်သို့ ဝင်ရောက်ရန်၊ ပိုင်ဆိုင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် အလိုရှိလျှင် သခင်ဘုရား၏မျက်မှောက်တော်အားဖြင့် ပြုမူခြင်းရှိရမည်ဖြစ်သည်။ သခင်ဘုရားက မောရှေအား “ငါ၏မျက်မှောက်တော်သည် သင်နှင့်အတူ သွား၍ သင့်ကို နားခိုခြင်းပေးမည်”ဟု ကတိပေးခဲ့သည် (ထွ၊၃၃း၁၄)။ ဘုရားသခင်၏ မျက်မှောက်တော်သည် ကိုယ်တော်၏လမ်းဖြစ်ပြီး၊ ကိုယ်တော်၏လူများအား သူတို့လျှောက်သင့်သည့်လမ်းကို ပြသပေးသော “မြေပုံ” ဖြစ်သည်။

1. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အရာအားလုံးပါဝင်သောမြေဖြစ်သည့် ခရစ်တော်ကို ကျွန်ုပ်တို့ အပြည့်အဝရယူရန်နှင့် ပိုင်ဆိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဤအလေ့အလာကို ကိုင်စွဲထားကြရမည်။ ဘုရားသခင်၏မျက်မှောက်တော်သည် အကြောင်းကိစ္စတိုင်းအတွက် စံဖြစ်သည်။ ကျွန်ုပ်တို့မည်သည့်အရာကို လုပ်နေပါစေ၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏မျက်မှောက်တော် ရှိမရှိကို ကျွန်ုပ်တို့အလေးထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏မျက်မှောက်တော်ရှိနေပါက ကျွန်ုပ်တို့၌အရာခပ်သိမ်းရှိပြီး၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏မျက်မှောက်တော် ဆုံးရှုံးနေပါက၊ အရာခပ်သိမ်းကို ကျွန်ုပ်တို့ဆုံးရှုံးရကြသည် - မ၊၁း၂၃။ ၂တိ၊၄း၂၂။ ဂလ၊၆း၁၈။ ဆာ၊၂၇း၄၊ ၈။ ၅၁း၁၁။ ၂ကော၊၂း၁၀။ ယေဇ၊၄၈း၃၅။
2. သခင်ဘုရား၏မျက်မှောက်တော်၊ သခင်ဘုရား၏ပြုံးတော်မူခြင်းသည် အုပ်စိုးနေသည့် မူအလေ့အလာဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ တစ်ဆင့်ခံဖြစ်သော မျက်မှောက်တော်မဟုတ်ဘဲ၊ တိုက်ရိုက်ဖြစ်သော သခင်ဘုရား၏ လက်ရှိမျက်မှောက်တော်အားဖြင့် အစိုးရခြင်း၊ အုပ်စိုးခြင်းနှင့် လမ်းညွှန်ခြင်း ခံယူသင့်ပါသည်။ ကိုယ်တော်၏ အဖိုးထိုက်သောမျက်မှောက်တော်သည် နို့နှင့်ပျားရည်စီးသော ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ပိုင်ဆိုင်ခြင်းငှာ ကျွန်ုပ်တို့အဖို့ တန်ခိုးတော်ဖြစ်သည် - ထွ၊၃း၈။ ၂၅း၃၀။ တရား၊၂၆း၉။ ယေဇ၊၂၀း၆။
3. “ကျွန်ုပ်ငယ်ရွယ်စဉ်က အောင်မြင်ခြင်းရှိရန်၊ အောင်နိုင်ခြင်းရှိရန်၊ သန့်ရှင်းခြင်းရှိရန်နှင့် ဝိညာဉ်ရေးရာရှိရန် နည်းလမ်းအမျိုးမျိုးကို သွန်သင်ခံရသည်။ သို့သော် ဤနည်းလမ်းများမှ တစ်ခုမျှ လုပ်မဖြစ်ပါ။ နောက်ဆုံးတွင် ခြောက်ဆယ့်ရှစ်နှစ်

ကြာ အတွေ့အကြုံမှတစ်ဆင့် ကျွန်ုပ်သည် သခင်ဘုရား၏ မျက်မှောက်တော်မှလွဲ၍ မည်သည့်အရာမျှ အလုပ်မဖြစ်ကြောင်း ရှာတွေ့ခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိခြင်းမှာ အရာခပ်သိမ်းဖြစ်သည်" - *Life-study of Joshua,* p. 48.

C. အစ္စရေးအမျိုးတို့သည် ခါနန်ပြည်အထဲသို့ ဝင်ရောက်ပြီး ယေရိခေါမြို့ကို အောင်နိုင်ခြင်းရှိကြသောအခါ၊ ပထမဦးဆုံး အပြစ်ကျူးလွန်သောသူမှာ အာခန်ဖြစ်သည်။ အာခန်၏ ကြီးလေးသောအပြစ်၏ ပင်ကိုမူလဖြစ်သော၊ ဝိညာဉ်ရေးရာပုံဆောင်ချက်နှင့် ဘုရားဆိုင်ရာအမြင်မှာ သူသည် လုပသော ဗာဗုလုန်ဝတ်ရုံ (ရှိနာသည် နောက်ပိုင်းတွင် ဗာဗုလုန်ဟု ခေါ်ဆိုသောနေရာ)ကို တပ်မက်ခြင်းမှာ မိမိကိုယ်ကို တိုးတက်မှုရှိရန်၊ ပုံပန်းသွင်ပြင်အတွက် မိမိကိုယ်ကို ပို၍ကောင်းသောရုပ်သွင်ရှိစေရန် ရှာဖွေခြင်း အကြောင်းအရာဖြစ်သည် - ယောရှု၊၇း၂၁။

1. သန့်ရှင်းသောဝိညာဉ်တော်ကို လိမ်ညာခဲ့သော အာနနိနှင့် ရှဖိရေတို့သည်လည်း တူညီသောအလေ့အလာ၌ အပြစ်ပြုခဲ့ကြသည် - ဤအရာသည် ဗာဗုလုန်၏အလေ့အလာဖြစ်ကာ၊ ယင်းမှာ သူတော်ကောင်းဟန်ဆောင်ခြင်းဖြစ်သည် - တ၊၅း၁-၁၁။ ဗျာ၊၁၇း၄၊ ၆။ မ၊၂၃း၁၃-၃၆။
   a. သူတို့သည် သခင်ဘုရားကို များစွာ ချစ်ခြင်းမရှိကြပါ၊ သို့သော် သူတို့ကို သခင်ဘုရားကို ကြီးစွာ ချစ်သောသူများအဖြစ် မြင်ခြင်းခံလိုကြသည်။ သူတို့သည် ဟန်ဆောင်နေကြခြင်းမျှသာဖြစ်သည်။ ဘုရားသခင်၏သားသမီးများသည် လူများရှေ့၌ ဟန်ဆောင်ခြင်းမှ လွတ်မြောက်ခံရရန် လိုအပ်သည်။
   b. သူတို့သည် ဘုရားသခင်ထံသို့ အရာခပ်သိမ်းကို ဝမ်းမြောက်စွာဖြင့် ပေးလှူရန် လိုလားဆန္ဒ မရှိကြပါ၊ သို့သော်လည်း လူရှေ့တွင် သူတို့သည် အရာအားလုံးကို ပေးလှူထားသကဲ့သို့ ပြုမူနေကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အခြေအနေမှန်နှင့် ကိုက်ညီမှုမရှိသော ဝတ်ရုံကို ဝတ်ဆင်သောအခါတိုင်း ကျွန်ုပ်တို့သည် ဗာဗုလုန်၏ အလေ့အလာ၌ ရှိနေကြခြင်းဖြစ်သည် - ၆း၁-၆။ ၁၅း၇-၈။
2. လူထံမှ ဘုန်းအသရေကို ရရှိရန် မုသားဖြင့် လုပ်ဆောင်သောအရာမှန်သမျှသည် သတို့သမီး၏အလေ့အလာ၌မဟုတ်ဘဲ၊ ပြည့်တန်ဆာ၏အလေ့အလာ၌ လုပ်ဆောင်ခြင်းဖြစ်သည်။ မုသားဖြင့် ဆက်ကပ်အပ်နှံခြင်းနှင့် ဝိညာဉ်ရေးရာရှိခြင်းတို့သည် အပြစ်များဖြစ်သည်၊ သို့သော် မှန်သော ကိုးကွယ်ခြင်းမှာ ဝိညာဉ်နှင့် ဟုတ်မှန်ခြင်း၌ ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မှန်သောလူများ ဖြစ်စေရန် ပြုတော်မူပါစေသော - ဗျာ၊၁၇း၄-၅။ ၁၉း၇-၉။ လု၊၁၂း၁။ ၁ကော၊၂း၉-၁၀။ ၂ကော၊၂း၁၀။ ၅း၁၄-၁၅။ ယော၊၄း၂၃-၂၄။
3. "ယေဟောဝါသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်၊ လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ယေဟောဝါမူကား စိတ်နှလုံးကို ကြည့်ရှုတတ်သည်" (၁ရှမွေ၊၁၆း၇)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်ကို ကျွန်ုပ်တို့၏စိတ်နှလုံး၌ သိုထား၍ (ဆာ၊၁၁၉း၁၁)၊ ခရစ်တော်ကို ကျွန်ုပ်တို့၏စိတ်နှလုံး၌ အိမ်ဆောက်ခွင့်ပြုမည်ဆိုလျှင် (ဧ၊၃း၁၆-၁၇)၊ ကိုယ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ ကောင်းသောဘဏ္ဍာတိုက်ဖြစ်လာပြီး၊ ကျွန်ုပ်တို့စိတ်နှလုံး၏ ကြွယ်ဝခြင်းထဲက ဤအံ့သြဖွယ်သော၊ ကောင်းသော ဘဏ္ဍာအဖြစ် ကိုယ်တော်ကို အခြားသူများအထဲသို့ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည် (လု၊၆း၄၄-၄၅)။

## III. အစ္စရေးသည် သူတို့၏အပြစ်၊ အာခန်၏အပြစ်ကို ဆက်ဆံဖြေရှင်းပြီးနောက် (ယောရှု၊၇း၁၁-၁၂၊ ၂၀-၂၁)၊ သူတို့သည် အာဣမြို့ကို အောင်နိုင်ခဲ့ကြသည် (၈း၁-၃၅)၊ သို့သော် ထိုအရာပြီးနောက် အစ္စရေးအမျိုးသားတို့သည် ဂိဗောင်အမျိုးအားဖြင့် မည်သို့ လှည့်စားခံခဲ့ရကြောင်း မှတ်တမ်းရှိနေသည် (၉း၁-၂၇)။

A. ဂိဗောင်အမျိုးသည် ဟိဝိမျိုးနွယ်ဖြစ်ပြီး (အဋ္ဌ၊၃၊ ၇။ ၁၁း၁၈-၁၉) - ခါနန်မြေရှိ လူမျိုးများထဲမှ တစ်မျိုးဖြစ်ကာ၊ သူတို့သည် နတ်ဆိုးစွဲသူများ၊ နတ်ဆိုးများနှင့် ရောနှောနေသူများဖြစ်သောကြောင်း အစ္စရေးတို့က အဆုံးသတ်ပစ်ရမည့်အမျိုးဖြစ်သည် (တရား၊၇း၂။ ၉း၄-၅။ ၁၈း၉-၁၄)။ ဂိဗောင်မြို့သားတို့သည် သူတို့၏ ပရိယာယ်ဖြင့် အစ္စရေးတို့ကို လှည့်စားခဲ့ကြသည် (ယောရှု၊၉း၃-၁၄)။

B. သူတို့သည် အစ္စရေးတို့က ယေရိခေါမြို့နှင့် အာဣမြို့နှစ်ခုလုံးကို အနိုင်ယူခဲ့ကြောင်း ကြားသိခဲ့ကြသောကြောင့်၊ အစ္စရေးတို့နှင့် မိတ်ဖွဲ့၍ ပဋိညာဉ်ပြုရန်၊ ထိုသို့ဖြင့် အစ္စရေးတို့သည် သူတို့ကို အသက်ရှင်ခွင့်ပေးရန် အလိုရှိခဲ့ကြသည်။ သူတို့သည် သံတမန်များအဖြစ် ထွက်လာ၍၊ ဝေးသောအရပ်မှ လာသကဲ့သို့ ဟန်ဆောင်ခဲ့ကြသည်။ သူတို့သည် ဂိလဂါလရှိ တပ်ချရာ၌ ယောရှုထံသို့ လာကြပြီး၊ သူနှင့် အစ္စရေး၏ လူတို့ထံ "အကျွန်ုပ်တို့သည် ဝေးသောပြည်က လာကြပါသည် ... အကျွန်ုပ်တို့သည် သင်တို့၏ ကျွန်ဖြစ်ကြောင်းနှင့် ပဋိညာဉ်ဖွဲ့ရပါမည်အကြောင်း" ပြောခဲ့ကြသည် (အငယ်၊၆၊ ၁၁)။

C. ယောရှု ၉း၁၄ သည် ကျမ်းစာ၏ အလွန် ပြင်းထန်သော ဝေစုဖြစ်ကာ၊ အစ္စရေးအမျိုးသားတို့သည် ဂိဗောင်အမျိုးအားဖြင့် မည်သို့ အဘယ်ကြောင့် လှည့်စားခံခဲ့ကြရသည်ကို ပြသထားသည် - "သူတို့သည် ယေဟောဝါထံတော်၌ အခွင့်မပန်ကြ"။ သို့ဖြစ်၍ ယောရှုသည် သူတို့နှင့် မိတ်ဖွဲ့၍၊ သူတို့နှင့် ပဋိညာဉ်ပြုကာ၊ သူတို့ကို အသက်ရှင်ခွင့်ပေးခဲ့သည် (အငယ်၊၁၅)။

1. အစ္စရေးအမျိုးသားတို့သည် လှည့်စားခံခဲ့ရခြင်းမှာ သူတို့သည် မိမိခင်ပွန်းကို မေ့လျော့သောဇနီးကဲ့သို့ဖြစ်ကြသောကြောင့်ဖြစ်သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းဖြစ်ပြီး၊ ဘုရားသခင်က ကိုယ်တော်၏ရွေးချယ်ခံလူများကို မည်သို့ပိုးပန်းခဲ့ပြီး၊ နောက်ဆုံးတွင် သူတို့ကို လက်ထပ်ခြင်း၏ မှတ်တမ်းဖြစ်သည် (က၂၂း၂၁-၂၄။ သီ၊၁း၂-၄။ ဟေရှာ၊၅၄း၅။ ၆၂း၅။ ယေ၊၂း၂။ ၃း၁၊ ၁၄။ ၃၁း၃၂။ ယေဇ၊၁၆း၈။ ၂၃း၅။ ဟောရှေ၊၂း၇၊ ၁၉။ မ၊၉း၁၅။ ယော၊၃း၂၉။ ၂ကော၊ ၁၁း၂။ ဧ၊၅း၂၅-၃၂။ ဗျာ၊၁၉း၇။ ၂၁း၂၊ ၉-၁၀။ ၂၂း၁၇က)။
2. သမ္မာကျမ်းစာက ဘုရားသခင်၏ရွေးကောက်ခံ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဇနီးဖြစ်ကာ၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့အကြား အပြန်အလှန်ချစ်ခြင်း၏ လက်ထပ်ထိမ်းမြားခြင်း ပေါင်းစည်းမှု ရှိရမည်ဖြစ်ကြောင်း ပြသထားသည်။ ထို့ကြောင့် စကြဝဠာသည် ထိမ်းမြားလက်ထပ်ရာနေရာဖြစ်ပြီး၊ ခင်ပွန်းတည်းဟူသော အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသည် ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ဘုန်းထင်ရှားခြင်း ခံရသော သုံးပိုင်းရှိသောလူထံ လက်ထပ်ခြင်း၌ ပေါင်းစည်းဆက်နွှယ်ခြင်းရှိရာနေရာဖြစ်သည်။ နောက်ဆုံးတွင် သမ္မာကျမ်းစာသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ဘုရားသခင့်ရွေးကောက်ခံတို့၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းအဖြစ်လည်းကောင်း၊ ထာဝရကာလပတ်လုံး စကြဝဠာဆိုင်ရာဇနီးအဖြစ်လည်းကောင်း ယေရုရှလင်မြို့သစ်ဖြင့် အဆုံးသတ်သွားမည်ဖြစ်သည် - ၂၁း၉-၁၀။ ၂၂း၁၇က။
3. ဇနီးသည် မိမိခင်ပွန်းကို ဘယ်သောအခါမှ မစွန့်ခွာသင့်ပေ။ ထိုအစား သူမသည် သူ့အပေါ် အမြဲ မှီခိုကာ၊ သူနှင့်တစ်လုံးတစ်ဝရှိသင့်သည်။ ဂိဗောင်အမျိုးတို့သည် အစ္စရေးတို့ထံ ရောက်လာသောအခါ၊ ဇနီးအဖြစ် အစ္စရေးသည် မိမိခင်ပွန်းထံ သွားရောက်ကာ၊ မည်သို့ပြုရမည်ကို ကိုယ်တော်နှင့်အတူ မေးမြန်းခြင်းရှိသင့်သည် - ယောရှု၊၉း၁၄။
4. သခင်ဘုရားကို ချစ်၍၊ ကိုယ်တော်၏ အောင်မြင်သောသတို့သမီးကို စေ့စပ်ထုံးဖွဲ့သူများဖြစ်ရန် ဆန္ဒပြင်းပြသည့် ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ကျွန်တို့ရင်ဆိုင်တွေ့ကြုံရသည့် ပြဿနာတိုင်းကို ဘုရားသခင်ထံ ဆွေးနွေးတိုင်ပင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အကြောင်းကိစ္စတိုင်းကို သခင်ဘုရားထံသို့ ယူဆောင်လာကာ၊ ကိုယ်တော်ရှေ့တော်၌ အရာများကို ဆင်ခြင်ခြင်း၊ စစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်းပြုပြီး၊ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ရှိရန် လိုအပ်သည်။
   a. ဤအချက်၌ ယုံကြည်သူတိုင်းသည် မိမိကိုယ်ပိုင် ထင်မြင်ချက်၊ မိမိကိုယ်ပိုင် ဆုံးဖြတ်ချက်များ မရှိတော့သည့်အထိ သို့မဟုတ် သခင်ဘုရားကို ဆက်သွယ်ခြင်း၊ ကိုယ်တော်နှင့် မေးမြန်းတိုင်ပင်ခြင်း၊ ကိုယ်တော်ကို ဆုံးဖြတ်ချက်ချစေရန် အခွင့်ပေးခြင်းတို့မရှိဘဲ မိမိတွေ့ကြုံရသည့်အရာများနှင့်စပ်လျဉ်း၍ ဘာမျှမလုပ်နိုင်သည်အထိ အားနည်းသွားရန် လိုအပ်သည်။ ဤသည်မှာ ခရစ်ယာန်တစ်ဦး၏ အချိုမြိန်ဆုံးသော အသက်ရှင်ခြင်းဖြစ်သည် - ၂ကော၊၁၂း၉-၁၀။
   b. ကျွန်ုပ်တို့၌ အခြားရွေးစရာမရှိဘဲ၊ အရာခပ်သိမ်း၌ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရမည်၊ အရာခပ်သိမ်းကို ကိုယ်တော်နှင့် ဆွေးနွေးတိုင်ပင်ရမည်၊ ကိုယ်တော်အား အရာခပ်သိမ်းကို ကိုင်တွယ်စေရန်၊ အရာခပ်သိမ်း၌ စကားပြောစေရန်၊ ဆုံးဖြတ်ချက်တိုင်းကို ချမှတ်စေရန် အခွင့်ပေးရမည်။ ခရစ်ယာန်တစ်ဦးသည် အခြားသောသူ - ဘုရားသခင် - ထံသို့ အချိန်တိုင်းနှင့် အကြောင်းကိစ္စတိုင်း၌ မှီခိုမှုရှိခြင်းမှာ ဘုန်းအသရေဖြစ်သည် - ဖိ၊၄း၆-၇။ သု၊၃း၅-၆။ ယေ၊၁၇း၇-၈။ ၂ကော၊၁း၈-၉။ ဆာ၊၆၂း၈။ ဆာ၊၁၀၂ ခေါင်းစဉ်နှင့် အငယ် ၇။

5. ဘုရားသခင်က သင့်အား သင်မသိသောလမ်းကို ယူဆောင်စေရန် ဦးဆောင်ခဲ့လျှင် "ဤအရာသည် သင့်အား ကိုယ်တော်နှင့်အတူ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသော စကားပြောခြင်းရှိရန် တွန်းအားပေးပြီး၊ ၎င်းသည် သင်နှင့် ကိုယ်တော်အကြား ထာဝရကာလပတ်လုံး အမှတ်ရစရာဖြစ်သည့် လမ်းခရီးကို ထွက်ပေါ်လာစေလိမ့်မည်ဖြစ်သည်" - *The Collected Works of Watchman Nee,* vol. 7, p. 1144.
6. အစ္စရေးက မိမိခင်ပွန်းထံ မေးမြန်းတိုင်ပင်ခြင်းကို မရှာဖွေခြင်း၏ ရလဒ်မှာ ဤလွတ်လပ်၍ တစ်ဦးတည်းပြုမူခြင်းရှိသော ဇနီးသည် လှည့်စားခံရသည်၊ သူမသည် အကွယ်အကာမရှိ၊ ခိုလှုံရာမရှိ ဖြစ်သွားခဲ့သည်။ ကျမ်းစာရှိ ဤမှတ်တမ်းမှနေ၍ ကျွန်ုပ်တို့လည်း သခင်ဘုရား၏ဇနီးအဖြစ် ကိုယ်တော်နှင့် အပြန်အလှန်အသက်ရှင်ကာ၊ ကိုယ်တော်၌ အမြဲ မှီခိုခြင်း၊ ကိုယ်တော်နှင့် တစ်ချိန်လုံး တစ်လုံးတစ်ဝဖြစ်ခြင်း ရှိရန် သင်ယူဖို့ လိုအပ်သည်။ ဤသည်မှာ ယောရှု အခန်း ၉ ၏ ပင်ကိုမူလ ပုံဆောင်ချက်ဖြစ်သည်။

*© 2021 Living Stream Ministry*